**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**(၂၁)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်)

(ကြာသပတေးနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်း အဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာ ယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈) ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၅၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၁.၅၆) ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့

ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်း အဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ အလုပ်ရုံ ဆွေးနွေးပွဲ။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထေးရယ်၊ ကယား(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွှန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော် (ခေါ်) ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင် ဆောင်ရွက် ရန်။ ဒေါက်တာငွေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွှန့်၊ ကရင်(၂)၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာကျော်သိန်း၊ မွန်(၄)၊ ဆေးရုံတက်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ဆေးစစ်ခံ။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ဖွံ့ဖြိုးရေးကိစ္စ။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ Work Shop တက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်ရေးကိုယ်တာ။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ပညာရေးဆွေးနွေးပွဲတက်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၆၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေး ကော်မတီတွင် အတွင်းရေးမှူးအဖြစ် အစားထိုး တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အတွင်းရေးမှူးတပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြည်း ၃၂၃၈၄ ဗိုလ်မှူးနေလင်းအောင် အစား တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြည်း ၃၀၅၇၇ ဗိုလ်မှူးတင်မောင်ဝင်း အား အစားထိုး ဖွဲ့စည်းထားခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြထားပါတယ်။

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အတွင်းရေးမှူးအဖြစ် အစားထိုးဖွဲ့စည်းထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အတွင်းရေးမှူး အဖြစ် အစားထိုး ဖွဲ့စည်းထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ကြံ့ခင်းမြို့နယ်တွင် သဲသောင်ခုံထွန်း၍ ရေကြောင်းပိတ်ခြင်းကြောင့် မြို့ကမ်းပြို၊ ကမ်းစားမှုအခြေအနေကို ထိန်းသိမ်းရန် မည်သို့စီစဉ်ပေးမည်၊ ယခု မိုးရာသီ မြစ်ရေကြီးချိန်အမီ မည်သို့ ကာကွယ်ထိန်းသိမ်းမည်၊ သောင်ထွန်းမှုကြောင့် ဘိလပ်မြေစက်မှ ဘိလပ်မြေအိတ်များကို အဆင့်ဆင့် သယ်ယူရသည့် အခြေအနေမှ ယခင်ကကဲ့သို့ Foreshore ဆိပ်ကမ်းမှ သင်္ဘောပေါ်အရောက် Conveyor နှင့် ပြန်လည်တင်ပို့နိုင်ရန် မည်သို့ပြုပြင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ က ဧရာဝတီတိုင်းဒေသကြီး၊ ကြံ့ခင်းမြို့နယ်တွင် သဲသောင်ခုံထွန်း၍ ရေကြောင်းပိတ်ခြင်းကြောင့် မြို့ကမ်းပြို၊ ကမ်းစားမှုအခြေအနေကို ထိန်းသိမ်းရန် မည်သို့စီစဉ်ပေးမည်၊ ယခု မိုးရာသီ မြစ်ရေကြီးချိန်အမီ မည်သို့ ကာကွယ်ထိန်းသိမ်းမည်၊ သောင်ထွန်းမှုကြောင့် ဘိလပ်မြေစက်မှ ဘိလပ်မြေအိတ်များကို အဆင့်ဆင့် သယ်ယူရသည့် အခြေအနေမှ ယခင်ကကဲ့သို့ Foreshore ဆိပ်ကမ်းမှ သင်္ဘောပေါ် အရောက် Conveyor နှင့် ပြန်လည်တင်ပို့နိုင်ရန် မည်သို့ပြုပြင်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စု အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို ကျွန်တော်လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်(၆)က ဦးခင်မောင်ရီ အနေနဲ့ မိမိ မဲဆန္ဒနယ်မှာ အပါအဝင်ဖြစ်သော ဟင်္သာတခရိုင် ကြံ့ခင်းမြို့နယ်က ကိစ္စလေးတစ်ခုကို မေးမြန်း တင်ပြမှာ ဖြစ်ပါတယ်။ ဒီကိစ္စဟာ ဌာနနှစ်ခု၊ သုံးခုနဲ့ ပတ်သက်မယ့်သဘောရှိပါတယ်။

ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းမှာ စက်မှုဝန်ကြီးဌာန၊ အကြီးစားစက်မှု လက်မှုလုပ်ငန်း အောက်က အကြီးစားစက်ရုံတစ်ရုံဖြစ်တဲ့ ဘိလပ်မြေစက်ရုံကြီး ရှိပါတယ်။ ကြံခင်းမြို့မနဲ့ ချင်းမြောင်ကျေးရွာကြားထဲမှာ ရှိပါတယ်။ ဒီဘိလပ်မြေ စက်ရုံကြီးဟာ သက်တမ်း ကြာစက်ရုံကြီးဖြစ်ပါတယ်။ စက်ရုံကြီးဆောက်ကတည်းက စက်ရုံကြီးဟာ ကုန်းတွင်းပိုင်းမှာ ဆောက်ရ တာဖြစ်ပြီးတော့ ဒီထွက်လာတဲ့ ကုန်ချောဖြစ်တဲ့ ဘိလပ်မြေများကို ရေကြောင်းလမ်းက သယ်ပို့နိုင်ရန် အတွက်ဆိုပြီးတော့ ကြံခင်းမြို့ဦး ဆိပ်ကမ်းလို့ ခေါ်တဲ့ Foreshore အားလုံး ကြံခင်းမြို့ကတော့ Foreshore၊ Foreshore လို့သိနေကြပါတယ်။ ဒီဆိပ်ကမ်းကြီး ရှိပါတယ်။ အဲဒီတော့ ဒီမှာနဂိုတည်းက တည်ဆောက်ထားတဲ့၊ ဒီမှာထွက်လာတဲ့ ဘိလပ်မြေ ကုန်ချောတွေကို စက်ရုံကနေ ကားနဲ့တင်မယ်။ ကမ်းနားဖြစ်တဲ့ အဲဒီ မြို့ဦးဆိပ်ကမ်းကို ချမယ်။ အဲဒီမှာ ချတဲ့အခါမှာ ကားပေါ်ကနေ တိုက်ရိုက် Conveyor Belt လို့ခေါ်တဲ့ ကုန်တင်တဲ့ စက်ခါးပတ်ကြီးနဲ့တင်လိုက်ရင် သင်္ဘောပေါ်ကို တိုက်ရိုက် ရောက်ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

ကျွန်တော်တို့ ဒီကုန်တွေရဲ့ သဘောက Freight Handling လို့ခေါ်တဲ့ ကုန်စည် သယ်ပို့တဲ့ နေရာမှာ အဆင့် မများလေ ကောင်းလေ ဖြစ်ပါတယ်။ အဆင့်များရင် ဘိလပ်မြေကဲ့သို့ ပစ္စည်းများဟာ ပေါက်ပြဲတတ်ပါတယ်။ စက္ကူရဲ့ Quality ညံ့ရင် ပိုဆိုးပါတယ်။ အခုအဲဒီလို လုပ်ထားခဲ့တဲ့ စနစ်ဟာ ဘာဖြစ်သွားလဲဆိုတော့ ဒီ ဆိပ်ကမ်း၊ မြို့ဦးဆိပ်ကမ်း Foreshore ရဲ့ ရှေ့မှာ ကျွန်တော်တို့ သောင စထွန်းပါတယ်။ ထွန်းတာတော့ (၅)နှစ်လောက်ရှိပါပြီ။ သောင်နည်းနည်းထွန်းတုန်းက မထိန်းသိမ်းနိုင် တဲ့အတွက်ကြောင့် မြစ်ကမ်းထိန်းသိမ်းခြင်း မပြုနိုင်တဲ့အတွက်ကြောင့် သဲသောင်ပြင်ဟာ အခုက မိုင်ဝက်ကျော် (၅)ဖာလုံ၊ (၆)ဖာလုံနီးပါး ဖြစ်လာပါတယ်။ တစ်မျှော်တစ်ခေါ်ဖြစ်လာပါတယ်။ အဲဒီတော့ ကုန်တင်သင်္ဘောများဟာ မြို့ဦးဆိပ်ကမ်းမှာ ကပ်လို့မရပါဘူး။ မရတဲ့အခါကျတော့ ဘယ်နားကို သွားကပ်ရလဲဆိုတော့ မြို့ဦးဆိပ်ကမ်းကနေ တစ်မိုင် ကျော်ကျော်လောက် ဝေးတဲ့မာလာကာကုန်း ကျေးရွာဆိုတာ တာဘေးမှာ ရှိပါတယ်။

ကြံခင်းကမြောက်ဘက်မှာရှိပြီးတော့ မြန်အောင်က တောင်ဘက်မှာ ရှိတဲ့အတွက်ကြောင့် မြို့ရဲ့ တောင်ဘက်အောက်ဘက်ကို ဆုတ်သွားတဲ့အခါမှာ မြန်အောင်မြို့နယ်အစပ်မှာသွားပြီးတော့ ရွာလေးနားမှာ သွားကပ်ရပါတယ်။ ကပ်တဲ့အခါမှာရေချောက်ရှိတဲ့နေရာ သွားကပ်လိုက်တဲ့အတွက် ကြောင့် အဲဒီရောက်အောင် ကားတွေက မောင်းသွားတယ်။ မောင်းသွားတဲ့အခါကျတော့ ဒီကျေးလက်လမ်း ကို ဖြတ်မောင်းတယ်။ ပြီးတော့ ဟိုမှာ ထမ်းပြီးချတယ်။ ပြီးတော့ ထမ်းပြီးတော့ သင်္ဘောပေါ်ကိုတင်တဲ့ အတွက်ကြောင့် အဆင့်လည်း နှစ်ဆင့်ပိုများသွားပါတယ်။ Freight Handling မှာအဆင့်များတဲ့ အတွက်ကြောင့် ဘိလပ်မြေအိတ်ပေါက်ပြဲသွားမှုလည်း ဖြစ်ပါတယ်။ (၁)အချက်ကတော့ မော်တော်ကား၊ မော်တော်ကားခ ပိုကုန်တယ်။ (၂)က အလုပ်သမားခ ကုန်တယ်။ အချိန်ကုန်တယ်။ ဒါဖြစ်ပါတယ်။ ဒါက စက်မှု(၁)က ဆုံးရှုံးမှု ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ဒါကို ဖြတ်တဲ့အခါကျတော့ ကျေးရွာ တောင်သူ လယ်သမားတွေရဲ့ ကိုယ်ထူကိုယ်ထ ကျေးလက်လမ်းကို ဖြတ်တာဖြစ်တဲ့အတွက်ကြောင့် ကုန်အပြည့်နဲ့ ကုန်တင်ကားတွေ ဖြတ်တဲ့အခါမှာ ကျေးလက်လမ်း ပျက်ပါတယ်။ ပျက်တော့ ခဏခဏ စကားများကြတယ်။

ပြီးခဲ့တဲ့အဌမအကြိမ်အပြီးမှာ ကျွန်တော်ခဏပြန်သွားတဲ့အချိန်မှာ လာပြီးတင်ပြတဲ့ အတွက်ကြောင့် ကျွန်တော် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ကျွန်တော်ညှိပေးပါတယ်။ ညှိပေးတဲ့အခါမှာ မော်တော်ကားတွေက ကျောက်ဖိုးတို့ဘာတို့ လျှော့ဖို့ ဒါမှမဟုတ် ကျောက်ချပေးဖို့ စသည်ဖြင့် ဒီလိုတော့ ညှိနိုင်းဆဲ ဖြစ်ပါတယ်။ ဒါတော်တော်လေး ပြဿနာ ရှိပါတယ်။ ကျေးလက်လမ်း ပျက်ပါတယ်။ အဲဒီဘေးမှာလည်း လယ်ကွင်းတွေရှိတာကိုး။ ဒါကြောင့် အကျိုးဆက်က ဘာဖြစ်လည်းဆိုတော့ သောင်ခုံက တောင်ဘက် အဖျားလောက်မှာ သွားပိတ်ထားတဲ့ အတွက်ကြောင့် မြောက်ဘက်က စီးလာတဲ့ ဧရာဝတီမြစ်ဟာ ကြံခင်းမြို့ဦးပိုင်းကို လှည့်ပြီးတော့ ရေတိုက်စားပါတယ်။ ဒါကြောင့် ကြံခင်းမြို့ဦးဖြစ်တဲ့ ရွှေတောင်စု ရပ်ကွက်ဟာ ကမ်းပြို၊ ကမ်းစား အန္တရာယ် တော်တော်ကြီးပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ရှေးဟောင်း နှစ်ပေါင်း လေး၊ ငါး၊ ခြောက်ဆယ်၊ တစ်ရာရှိတဲ့ စေတီတော်ကြီးတွေ၊ ဘုရားကျောင်းကန်တွေ အများကြီးရှိသလို လူနေရပ်ကွက်တွေ ရှိပါတယ်။ ကမ်းနားလမ်းရှိပါတယ်။ အဲဒါ တွေဟာ ပဲ့ပါသွားနိုင်တဲ့ အနေအထား ရှိပါတယ်။ ဒါကြောင့် တစ်ခုနဲ့တစ်ခု ဆက်စပ်နေတဲ့ Issue တစ်ခု ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းချင်တဲ့ အချက်ကလေး (၃)ချက်ရှိပါတယ်။

(၁)ကအဲဒီလို မြို့ဦးမှာ လာပြီးသဲသောင်ခုံထွန်းနေတဲ့အတွက်ကြောင့် အဲဒါကို ကမ်းပြို၊ ကမ်းစားမြို့ မဖြစ်အောင် ဘယ်လိုအကာအကွယ်ပေးမလဲဆိုတဲ့ အစီအစဉ်ကို သိချင်ပါတယ်။ ဒါက (၁)အချက်ပါ။ (၂)အချက်ကတော့ အခုလာမယ့်မိုးရာသီဆိုရင် ဇွန်လဆိုရင်ပဲ မိုးဖြိုင်ဖြိုင်ကျပါပြီ။ ဩဂုတ် နဲ့ဇူလိုင်မှာ ကျွန်တော်တို့ ကြံခင်း၊ မြန်အောင်၊ ဟင်္သာတစတဲ့ နေရာတွေ ရေကြီးပါတယ်။ အဲဒီအချိန်အမီ ဘယ်လို လုပ်ပေးမလဲ။ ဒါ ဒုတိယအချက် ဖြစ်ပါတယ်။ တတိယ အချက်ကတော့ နိုင်ငံတော်မှာ ပိုက်ဆံကုန်ကျခံဆောက်ထားတဲ့ Conveyor System ရှိပါလျက်နဲ့ အဲဒါကို မသုံးရဘဲနဲ့ လူအားနဲ့ထမ်းချတဲ့အတွက်ကြောင့် ဟိုဘက်က ကုန်သလို ဒီဘက်ကလည်း အလဟဿ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ Conveyor နဲ့ပြန်ပြီးတော့ ဒီဟာကို သင်္ဘောပေါ်ကို ဘိလပ်မြေတင်နိုင်အောင် မည်သို့ စီစဉ်ပေးမယ်ဆိုတဲ့ အချက်တွေကို မဲဆန္ဒရှင် ပြည်သူများက စိတ်ဝင်တစား မေးမြန်းတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၁))**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်ရှိ အကြီးစားစက်မှုလုပ်ငန်း၊ ဘိလပ်မြေစက်ရုံနှင့် ဆိပ်ကမ်းတည်ရှိရာ ရေလမ်းကြောင်း အခြေအနေမှာ ၂၀၀၆ ခုနှစ်မှ စတင်၍ ရေလမ်းအတွင်း ရေလယ်သောင် ကြီးမားကျယ်ပြန့်လာခြင်းကြောင့် ရေလမ်းပြောင်းလဲမှု ဖြစ်ပေါ်လာကာ မြစ်အနောက်ဘက်ကမ်းရှိ ကြံခင်းဘိလပ်မြေစက်ရုံ ဆိပ်ကမ်း ရေလမ်းသဲသောင် ပိတ်ဆို့ တိမ်ကောမှု ဖြစ်ပေါ်လာပြီး မြစ်အရှေ့ဘက်ခြမ်းရှိ ကွေ့မ၊ မမဲ၊ ယင်းမူကုန်း၊ တဲတန်း ကျေးရွာများတစ်လျှောက် ကမ်းပြိုကမ်းစားမှုများ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဖော်ပြပါ သဲသောင်ခုံများ ဖြစ်ထွန်းလာပြီး ရေမှာပေါက်များ ကွဲထွက်လျက် ရေလမ်းကြောင်းများ တိမ်ကောလာခြင်းအား ဖြေလျော့စေရန် မျောကျောက်ဖြည့်ရေကာများ၊ သဲအိတ်ခံကျောက်ကပ် ရေကာတာများပြုလုပ်ပေးခြင်းဖြင့် ရေမှာပေါက်များ စုဆုံစေလျက် ရေလမ်းကြောင်းများ ဖွံ့ဖြိုးလာစေမည် ဖြစ်ပါတယ်။ အခြားတစ်ဘက်တွင် အကျိုးသက်ရောက်မှု ထိရောက်မြန်ဆန်စေရေးအတွက် သောင်တူးဖော်ခြင်း လုပ်ငန်းများအား တစ်ပြိုင်တည်း ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါတယ်။ အဆိုပါ ရေလမ်းပျက်စီးမှုများအား ပြုပြင်ထိန်းသိမ်းရန်အတွက် ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်းရေး ပင်မစီမံချက် (Master Plan)အရ ရေလမ်းအတွင်းတွင် မျောတိုင်တန်း ရေလွှဲ ရေကာ(၄)ခု စုစုပေါင်း အလျား(၄၄၅၀) မီတာ တည်ဆောက်ရန်နှင့် ပူးတွဲလျက် လျာထားရေလမ်းကြောင်းအတွင်း သောင်တူးဖော်ခြင်း လုပ်ငန်းအား အလျား(၅၃၆၃)မီတာ တူးဖော်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားချက်ထားရှိပြီး ဖြစ်ပါတယ်။

အဆိုပါ ရေလမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် (၂)တန်းသွား မျောတိုင်တန်း ရေလွှမ်း ရေကာ(၄၀၀)မီတာ (၁)ခုနှင့် (၁)တန်းသွား မျောတိုင်တန်း သောင်ထွန်းရေကာ (၃၅၀)မီတာ စုစုပေါင်း အလျား(၇၅၀)မီတာ တည်ဆောက်ထိန်းသိမ်းခဲ့ပါတယ်။ အဆိုပါ တည်ဆောက် ထိန်းသိမ်းမှုကြောင့် ဘိလပ်မြေစက်ရုံဆိပ်ကမ်းသို့ ချဉ်းကပ်ရေလမ်းကြောင်း အထိုက်အလျောက် ဖွံ့ဖြိုးလာခဲ့သည့်အပြင် မြစ်အရှေ့ဘက်ကမ်းရှိ ကမ်းပြို၊ ကမ်းစားမှု ဖြစ်ပေါ်နေသော ဧရိယာများတွင်လည်း ကမ်းပြိုမှုသက်သာ လာစေခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်ထောင်စု သီးသန့်ရန်ပုံငွေမှ ကျခံ၍ ယခင်နှစ်ဆောင်ရွက်ခဲ့သည့် ရေကာဟောင်း (၇၅၀)မီတာနှင့် ဆက်စပ်၍ မျောတိုင်တန်း ကျောက်ဖြည့်ရေ မြေကာ (၁၈၅)မီတာ တည်ဆောက်ရန် ရေကာဟောင်း (၇၅၀)မီတာအား ကျောက်ဖြည့်စွမ်းအား မြှင့်တင်ဆောင်ရွက်ရန်နှင့် (၂)တန်းသွား မျောတိုင်တန်း ရေလွှဲရေကာ (၄၀၀)မီတာတို့ တည်ဆောက်၍ ကြံခင်း ဘိလပ်မြေစက်ရုံဆိပ်ကမ်း ရေလမ်းဖွံ့ဖြိုးရေးနှင့် ယင်းမူကုန်းဘက်ခြမ်းကမ်းပြိုမှုများ သက်သာစေရေးအတွက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစ၍ ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေအိတ်များကို ယခင်ကကဲ့သို့ Foreshore ဆိပ်ကမ်းမှ သင်္ဘောပေါ် အရောက် Conveyor ဖြင့် ပြန်လည်တင်ပို့နိုင်ရန် မည်သို့ ပြုပြင်မည်နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေး ဝန်ကြီးဌာနမှ ရန်ပုံငွေရရှိပြီး တိုင်းဒေသကြီး ရေအရင်းအမြစ် မြစ်ချောင်းနှင့် ဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနမှ Foreshore ဆိပ်ကမ်းနေရာရှိ သဲသောင်များအားရှင်းလင်း၍ ရေလမ်းကြောင်း ကောင်းမွန်မှသာ သင်္ဘောများ ဝင်/ထွက်နိုင်မည်ဖြစ်ပြီး၊ သင်္ဘောများ ဆိပ်ကမ်းတံတားကို ကပ်နိုင်ပါက Conveyor ဖြင့် ချက်ခြင်းတင်ပို့နိုင်မည်ဖြစ်ကာ စက်များအား အချိန်မရွေး လည်ပတ်နိုင်ရန် ပြုပြင် ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက် ပြီးနောက် သောင်တူးလမ်းကြောင်းတစ်လျှောက် ရေလမ်း ဆက်လက် ဖွံ့ဖြိုးစေရေးအတွက် ရေလမ်းထိန်း ရေကာတာများ ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ရာ နှစ်အလိုက် ခွင့်ပြုရန်ပုံငွေ ရရှိမှုနှင့် စက်ရုံတစ်ဘက်ကမ်း ယင်းမူကုန်းဘက်ရှိ သောင်များ ဖြစ်ထွန်းလာမှုအပေါ် မူတည်လျက် ဆက်လက် ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတစ်ဝန်းရှိ အရန်မီးသတ်ကားများအတွက် လိုအပ်လျက်ရှိသော စက်နှိုးဆီနှင့် ယာဉ်မောင်းများအတွက် သင့်တင့်သောကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးကံညွန့် က နိုင်ငံ တစ်ဝန်းရှိ အရန်မီးသတ်ကားများအတွက် လိုအပ်လျက်ရှိသော စက်နှိုးဆီနှင့် ယာဉ်မောင်းများအတွက် သင့်တင့်သောကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတစ်ဝှမ်းမှာရှိတဲ့ အရန်မီးသတ်ကားများအတွက် လိုအပ်လျက်ရှိသော စက်နှိုးဆီ နှင့် ယာဉ်မောင်းများအတွက် သင့်တင့်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု ကျွန်တော် တင်ပြမယ့် တင်ပြချက်များဟာ အမှန်တကယ် ကျွန်တော်တို့ဒေသရဲ့ လိုအပ်ချက်ဖြစ်ပြီး၊ ဒေသခံပြည်သူများရဲ့ အမှန်တကယ်လိုအပ် ချက်ဖြစ်လို့ ပြည်သူများရဲ့ကိုယ်စား တင်ပြဆွေးနွေး မေးမြန်းရခြင်း ဖြစ်ပါတယ်လို့ ဦးစွာ တင်ပြလိုပါ တယ်။ ကျွန်တော့်လိုပဲ ပြည်သူ့ကိုယ်စားလှယ်များကလည်း မိမိတို့ ဒေသအသီးသီးရဲ့ အမှန်တကယ်လို အပ်ချက်များကို တင်ပြဆွေးနွေး အဆိုပြုမေးမြန်းနေကြရခြင်းပဲ ဖြစ်ပါတယ်။ ဒါတွေကို တင်ပြနေရတာ တော့ သက်ဆိုင်ရာ တာဝန်ရှိ ဝန်ကြီးဌာနများအနေနဲ့ လေးလေးနက်နက် အလေးထားပြီး ယခင် အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးလမ်းညွှန်မှု ပြုခဲ့သလို ယခုချက်ခြင်း ဆောင်ရွက်မပေးနိုင်ရင်တောင်

အောက်ခြေအထိ စစ်ဆေးမေးမြန်း စုံစမ်းဖော်ထုတ်ပြီး အချိန်အခါနဲ့ လိုက်လျောညီထွေစွာ နောင်လာမယ့် စီမံကိန်းများမှာ ရေးဆွဲဆောင်ရွက်ပေးစေလိုလို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်များဟာ အဆိုပြု မေးမြန်းကြပြီး ပြန်လည် ဖြေကြားအတည်ပြုချိန်မှာ အဆိုနဲ့ အမေးများ အောင်မြင်ပါစေကြောင်း ဆုတောင်းနေကြရပါတယ်။ ဒါဟာလည်း မိမိဒေသလိုအပ်ချက်များ ဖြည့်ဆည်းပေးစေလိုတဲ့ စေတနာကြောင့်ပဲ ဖြစ်ပါတယ်။ ဆောင်ရွက်ရန် အစီအစဥ်မရှိသေးပါကြောင်း အဖြေကို ကြားရတဲ့အချိန်မှာ အလွန်ပဲ ရင်ထဲမှာ နင့်ကတည်းနေအောင် ခံစားကြရကြောင်း လေးလေးနက်နက် တင်ပြလိုပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်များရဲ့ မေးခွန်းနဲ့ အဆိုများကို အဖက်ဖက်မှ သုံးသပ်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ ဆောင်ရွက်ပေးကြပါလို့လည်း ပန်ကြားလိုပါတယ်။ ကိုယ်စားလှယ်အချို့ဟာ အကြောင်းကြောင်းကြောင့် ကြယ်ပွင့်ပြမေးခွန်းများ မမေးဘဲ၊ ကြယ်ပွင့်မပြမေးခွန်းများ မေးကြရတာလည်း ရှိပါတယ်။ ဒါကို မသိလို့ လားမသိဘူး၊ အချို့ ပုဂ္ဂိုလ်တွေကတော့ ပြည်ထောင်စုဝန်ကြီးဌာနကို ကိုယ်စားလှယ်များက မေးခွန်းများ မမေးဘူးဆိုတဲ့ အကြောင်းကို စိတ်မချမ်းသာစရာတွေ ကြားနေရ၊ သိနေရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ မုံရွာမြို့ ဘုရားကြီးရပ်ကွက်မှာ ဥက္ကဋ္ဌတာဝန်နဲ့ အရန်မီးသတ်ခွဲတာဝန်များကို (၁၅)နှစ်ခန့်ထမ်းဆောင်ခဲ့ပြီး ကြုံတွေ့ရတဲ့ လက်တွေ့အခြေအနေများအပေါ် ထင်ဟပ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရပ်ကွက်မှာ ရပ်ကွက်ပိုင်အရန်မီးသတ်ကားတစ်စီးရှိပြီး ၁၉၈၄ ခုနှစ်ကတည်းက မီးဘေးကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ကားနံပါတ် ဃ/၉၆၃၉နဲ့ Dennis အင်ဂျင်ဖြစ်ပြီး ၁၉၉၀ ခုနှစ်မှာ TE-11 အင်ဂျင်ပြောင်းလဲတပ်ဆင် အသုံးပြုခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ ယနေ့သုံးစွဲနေတဲ့ Mitsubishi အင်ဂျင်ကို လဲလှယ်သုံးစွဲခဲ့ပြီး ကားနံပါတ်မှာ စ/၆၆၈၀ ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ မုံရွာမြို့ တစ်မြို့လုံး အရန်အင်အား (၅၅၅)ဦး ဖွဲ့စည်းပြီး ၊ သင်တန်းများပေး၍ အရန်မီးသတ်တပ်ရင်း တစ်ရင်းဖွဲ့ကာ လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ရာမှာလည်း စံပြတပ်ခွဲမှူးဆု ရရှိခဲ့ပါတယ်။ မီးလောင်ပြင်မှာလည်း အရင်ဆုံးရောက်ရှိ ငြိမ်းသတ်နိုင်အောင် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒါတွေကို တင်ပြရခြင်း အကြောင်းကတော့ အရန်မီးသတ်ရဲဘော်များရဲ့ ကြိုးစားစွမ်းဆောင်မှုများနဲ့ မီးသတ်ကားရဲ့ စွမ်းပကားတွေကို သိစေလိုလို့ပဲဖြစ်ပါတယ်။

အရန်မီးသတ်ရဲဘော်များနဲ့ အရန်မီးသတ်ကားအတွက် ရပ်ကွက်/ကျေးရွာ ပြည်သူ လူထုက အမြဲစေတနာရှိပြီး တတ်နိုင်သလောက် ကူညီမှုများပေးကြပါတယ်။ တချို့ဆို မီးသတ် ဝတ်စုံများပေးလှူကြသလို၊ ကားအတွက်လည်း တတ်နိုင်သလောက် လိုအပ်သည်များကို အားတက်သရော လှူကြတာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရမှာဖြစ်ပါတယ်။ ဟိုယခင်က အရန်မီးသတ်ကား အတွက် ဗဟိုမှ စက်နှိုးဆီ တစ်လ(၄)ဂါလံ ထောက်ပံ့ပေးခဲ့ပြီး ယခုအချိန်မှာ အရာရာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေကြရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်(၄)ချက် ဖြစ်တဲ့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုး ပြုဆောင်ရွက်ရေးလုပ်ငန်းများမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ရည်မှန်းချက် (၄) ချက်ဖြစ်သော တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး

လုပ်ငန်းများမှာရော အရန်မီးသတ်ရဲဘော်များဟာ စွမ်းစွမ်းတမံအင်အားဖြည့် တစ်တပ်တအား ဆောင်ရွက်လျက်ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ယခုအခါ အရန်မီးသတ်ရဲဘော်အချို့ဟာ မိသားစုစားဝတ်နေရေး အခက်အခဲများ၊ အခြား လူမှုရေး အကြောင်းအမျိုးမျိုးကြောင့် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်မှု မရှိကြတော့တဲ့အတွက် အရန်မီးသတ်ရဲဘော် လူငယ်အချို့ မျိုးဆက်သစ်များမွေး၍ သင်တန်းများပေးခြင်း၊ ဝတ်စုံများ အလှူခံ၍ ဆင်ယင်ရခြင်း၊ လူဟောင်းများအား လက်တွဲခေါ်၍ စည်းရုံးဆောင်ရွက်လျက် ရှိနေကြရပြီး အရန်မီးသတ်ကားအတွက်လည်း ရပ်မိရပ်ဖများ အကူအညီရယူပြီး ဆောင်ရွက်လျက် ရှိပါတယ်။ အရန်မီးသတ်ကားဟာလည်း မီးလောင်ပြင်မှပြန်လာရင် ပြင်ဆင်မှုများ Repair and Maintance ပြုလုပ်နေကြရပါတယ်။ မီးလောင်ပြင်မှာ အချို့နေရာများမှ မီးသတ်ကားအတွက် စက်သုံးဆီအချို့ လှူဒါန်းမှု ရှိခဲ့သော်လည်း များသောအားဖြင့် ကိုယ့်အားကိုယ်ကိုးသာ ဆောင်ရွက်နေကြရ ပါတယ်။ ဒီကြားထဲ တစ်လောက မြို့နယ်တာဝန်ရှိသူတစ်ဦးက ရှောင်တခင် ရောက်ရှိလာပြီး မီးသတ်ကား စက်နှိုးခိုင်းရာ ရုတ်တရက် နှိုးမရသည်ကို ပြစ်တင်ကြိမ်းမောင်းခြင်း၊ ရန်ပုံငွေ ဘယ်လောက်ရှိသလဲ မေးခြင်း၊ ဆူပူကြိမ်းမောင်းခြင်းများ ပြုလုပ်သွားပါသဖြင့် ရဲဘော်များ စိတ်အားငယ်ကြရသည်ကို တွေ့ရှိရပြီး ချော့မော့ဖြေသိမ့်ပေးခဲ့ရပါတယ်။

အဲဒီတုန်းက ဘက်ထရီလှူတဲ့သူက အသစ်လှူဒါန်းမယ်ဆို၍ လဲလှယ်တပ်ဆင်ရန် ပြင်ဆင်နေရချိန် ဖြစ်ပါတယ်။ ရဲဘော်များမှာ ပြန်လည်မပြောရဲ၍ ငုံ့ခံခဲ့ရသည်များကို တွေ့ရှိရသည့် အတွက် ဝမ်းနည်းစိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ လူမှုရေးလုပ်ငန်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိနေကြတဲ့ အရန်မီးသတ်ရဲဘော်များကို လေးစား၊ ညှာတာ၊ သနားသင့်ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ကားကြီး မီးလောင်ပြင်ထွက်ရင် ထုတ်ထုတ်ထုတ်ထုတ်နဲ့ မြည်နေတယ်လို့တောင် နောက်ပြောင်ကြပါတယ်။ အရန်မီးသတ်ကားဟာ စီးပွားရေးလုပ်ငန်းလုပ်တဲ့ ကားမဟုတ်တဲ့အတွက် အဝင်မရှိပါဘူး။ တစ်ထုတ်ထဲထုတ်နေရတာပါပဲ။ ကားအတွက် လိုအပ်တဲ့ပစ္စည်းများ ဝယ်ယူခွင့်ကို ဒေသခံပြည်သူများမှ ကူညီဆောင်ရွက်ပေးကြပြီး စက်သုံးဆီ၊ စက်နှိုးဆီများကိုတော့ အခက်အခဲရှိနေပါတယ်။ တစ်နေ့တစ်ခါ သို့မဟုတ် နှစ်ခါလောက်၊ (၁၅)မိနစ်စီလောက် နှိုးပေးရင် အရေးပေါ်စက်စမ်းသပ်စရာမလိုဘဲ အလွယ်တကူထွက်နိုင်မှာ ဖြစ်ပါတယ်။ စက်သုံးဆီ မထောက်ပံ့နိုင်တောင် စက်နှိုးဆီအတွက် တစ်လကို ကားတစ်စီး (၅) ဂါလံ လောက် ထောက်ပံ့ပေးသင့်ပါတယ်။ အရန်ကားဖြစ်လို့ ရပ်ကွက်/ကျေးရွာများမှာလည်း ယာဥ်မောင်း သီးသန့်မခန့်နိုင်ပါဘူး။ ကားမောင်းကျွမ်းကျင်သော၊ စေတနာရှိသော လူငယ်များ မွေးမြူစည်းရုံး ထားရပါတယ်။ သူတို့အတွက်လည်း နိုင်ငံတော်မှ သီးသန့်ယာဥ်မောင်းမခန့်နိုင်တောင် ပစ်မထားသင့် ပါဘူး။ တတ်နိုင်သလောက် ကြည့်ရှုထောက်ပံ့ပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ယခုအခါ ပွင့်လင်း ရာသီရောက်ပြီး ဘတ်ဂျက်အသစ် ပြုပြင်ရေးဆွဲနေတဲ့ အချိန်နဲ့ တိုက်ဆိုင်တဲ့အတွက် ဝမ်းသာမျှော်လင့် ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ ကူညီပံ့ပိုးပေးစေလိုတဲ့ အချက်တွေ ကတော့ (၁) တစ်နိုင်ငံလုံးရှိ အရန်မီးသတ်ကားများအတွက် စက်နှိုးဆီ တစ်လ(၅)ဂါလံလောက် ထောက်ပံ့ပေးရန်၊ (၂) အရန်မီးသတ်ကား ယာဥ်မောင်းများအတွက် သင့်တင့်သော ကူညီထောက်ပံ့မှု

များပေးရန်၊ (၃) ရပ်ကွက်/ကျေးရွာ အရန်မီးသတ်ရဲဘော်များအတွက် ကူညီစောင့်ရှောက်မှုများပေး ရန်၊ (၄) အရန်မီးသတ်တပ်ဖွဲ့များ အမြဲရှင်သန်နိုးကြွစေရန် လိုအပ်သောအစီအမံများ ဆောင်ရွက်ပေး စေလိုပါတယ်။ နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်လျက်ရှိပါသော အရန်အင်အားများ တောင့်တင်း ခိုင်မာလာစေရေး ဦးတည်၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိသော အရန်မီးသတ် ကားများအတွက် လိုအပ်လျက်ရှိသော စက်နှိုးဆီနဲ့ ယာဉ်မောင်းအတွက် ကူညီမှုများ ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွှန့် ရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း မှ ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ် ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ထုတ်ကုန်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ် ရေးလုပ်ငန်းနဲ့ သဘာဝဘေးအန္တရာယ် အပါအဝင် အခြားဘေးအန္တရာယ်များ ကျရောက်တဲ့အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်အတွက် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို မီးသတ်ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားတဲ့ မီးသတ်ဦးစီးဌာန၊ စေတနာ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားတဲ့ အရန်မီးသတ်တပ်ဖွဲ့၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနနဲ့ မီးဘေးစိုးရိမ်ရတဲ့ လုပ်ငန်း များမှာ မီးသတ်ဦးစီးဌာနရဲ့ ညွှန်ကြားချက် ဒါမှမဟုတ် ခွင့်ပြုချက်နဲ့ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်ထားတဲ့ သီးသန့် မီးသတ်တပ်ဖွဲ့များဖြင့် ဖွဲ့စည်းထားရှိ ပါတယ်။

အရန်မီးသတ်တပ်ဖွဲ့သို့ မြန်မာနိုင်ငံသားဖြစ်သူ မည်သူမဆို ဝင်ရောက်နိုင်ပါတယ်။ အရန်မီးသတ်တပ်ဖွဲ့ဝင် ဖြစ်ရေးမှာ ပြည်သူ့ဝန်ထမ်းစိတ်ဖြင့် အစိုးရ၏လစာ သို့မဟုတ် အခကြေးငွေ တစ်စုံတစ်ရာ ရယူခြင်းမရှိတဲ့အပြင် မည်သည့် အကျိုးကိုမျှမျှော်ကိုးစောင့်စားခြင်း၊ မည်သူတစ်ဦး တစ်ယောက်၏ တိုက်တွန်းခြင်းများမပါရှိဘဲ မိမိသဘောဆန္ဒဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ အကြင်နာတည်းဟူတဲ့ နာ(၅)နာဖြင့် ဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အရန် မီးသတ်တပ်ဖွဲ့ကို မီးသတိမူရေး၊ မီးဘေးတားဆီးရေးနဲ့ မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ်နဲ့ အခြားရုတ်တရက်ဘေးများ ကျရောက်တဲ့အခါများမှာလည်း မီးသတ်

ဝန်ထမ်းများနဲ့အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ် တပ်ဖွဲ့ဝင် တစ်ဦးမှာရှိရမယ့် သတ်မှတ်ပြဋ္ဌာန်းချက်နဲ့အညီ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ ယခင်က မြို့နယ် (၃၀၅)မြို့နယ်မှာ (၅)ယူနစ် မီးသတ်စခန်း (၇၁)စခန်း၊ (၃)ယူနစ် မီးသတ်စခန်း (၂၂၈)စခန်းနဲ့ (၂)ယူနစ်မီးသတ်စခန်း (၅၀)စခန်း စုစုပေါင်း (၃၄၉)စခန်းကို သန္ဓေမီးသတ်တပ်ဖွဲ့ဝင် (၇၁၆၇)ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ်မှစပြီး မြို့နယ်မီးသတ်ဦးစီးမှူးရုံး (၃၃၀)ရုံး၊ မြို့နယ်မီးသတ်စခန်း (၃၃၀)စခန်း၊ နယ်မြေမီးသတ်စခန်း (၄၂၈)စခန်း စုစုပေါင်း (၇၅၈)စခန်း၊ အင်အား အားဖြင့် (၁၉၂၅၉)ဦးတို့ဖြင့် တိုးမြှင့်ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုချက် ရရှိခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးမှာ မီးငြိမ်းသတ်ယာဉ် (၄၈၀)စီး၊ မီးသတ်ရေသယ်ယာဉ် (၅၁၇)စီး၊ မီးသတ်စက်ယာဉ် (၃၃၉)စီးနဲ့ မီးသတ်အထောက်အကူပြုယာဉ် (၆၈)စီး စုစုပေါင်း မီးသတ်ယာဉ် (၁၄၀၄)စီး ရှိပါတယ်။

ဒါ့အပြင် အရန်မီးသတ်တပ်ဖွဲ့များကို မြို့နယ်ပေါင်း (၃၃၀)မှာရှိတဲ့ ရပ်ကွက်နဲ့ ကျေးရွာများ မှာ အမျိုးသား (၂၆၄၀၄၂)ဦး၊ အမျိုးသမီး (၃၅၀၃)ဦး၊ စုစုပေါင်း အရန် မီးသတ်တပ်ဖွဲ့ဝင် (၂၆၇၅၄၅)ဦးတို့ဖြင့် ဖွဲ့စည်းထားရှိပြီး အရန်မီးသတ်တပ်ဖွဲ့ပိုင် မီးငြိမ်းသတ်ယာဉ် (၆၈)စီး၊ ရေသယ်ယာဉ် (၅၈)စီးနဲ့ မီးသတ်စက်ယာဉ်(၁၃)စီး၊ စုစုပေါင်း (၁၃၉)စီး ရှိပါတယ်။ အလားတူ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများ ဟိုတယ် မော်တယ်များနဲ့ ဈေးများ မီးဘေး စိုးရိမ်ရတဲ့ လုပ်ငန်းများမှာ မီးဘေးလုံခြုံရေးအတွက် သီးသန့် မီးသတ်တပ်ဖွဲ့ဝင် (၁၅၈၇၆)ဦးတို့ဖြင့် ဖွဲ့စည်းထား ပြီး သီးသန့် မီးသတ်တပ်ဖွဲ့ပိုင် မီးသတ်ယာဉ် (၁၀၅)စီး၊ ရေသယ်ယာဉ် (၃၉)စီးနဲ့ မီးသတ် စက်ယာဉ်(၁၁)စီး စုစုပေါင်း (၁၅၅)စီးရှိပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ မြို့နယ်မီးသတ် စခန်းနဲ့ နယ်မြေအဆင့် မီးသတ်စခန်း များမှာရှိတဲ့ မီးသတ်ယာဉ်များ ရပ်ကွက်ကျေးရွာ အုပ်စုများမှာ သတ်ဆိုင်ရာ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ကိုယ့်အားကိုယ်ကိုး ဖွဲ့စည်းထူထောင်ထားတဲ့ အရန်မီးသတ်စခန်းများ မှာရှိတဲ့ မီးသတ်ယာဉ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်မှစပြီး မီးသတ်ယာဉ် တစ်စီးလျှင် လစဉ် စက်နှိုးစမ်းသပ်ဆီနဲ့ မီးလောင်မှုများမှာ အသုံးပြုရန်အတွက် စက်သုံးဆီ (၇)ဂါလံနှုန်းနဲ့ ဝယ်ယူသုံးစွဲ နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့သို့ ဘဏ္ဍာငွေခွင့်ပြုမိန့် တင်ပြထားပြီး ခွင့်ပြုမိန့် ရရှိပါက ဖြည့်တင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ရပ်ကွက်ကျေးရွာများမှာ သက်ဆိုင်ရာ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့နဲ့ ရပ်မိရပ်ဖတို့ရဲ့ ကူညီပံ့ပိုး ကြီးကြပ်မှုနဲ့ ကိုယ့်အားကိုယ်ကိုး ထူထောင်ထားတဲ့ အရန်မီးသတ် စခန်းများမှာရှိတဲ့ မီးသတ်ယာဉ်များကို သက်ဆိုင်ရာ ကော်မတီရဲ့ အစီအစဉ်ဖြင့် စေတနာ့ဝန်ထမ်း ယာဉ်မောင်းများက အလှည့်ကျတာဝန်ယူ မောင်းနှင်ခြင်းဖြစ်လို့ လိုအပ်မှုများကို သက်ဆိုင်ရာ ကော်မတီရဲ့ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ပေးနေပါတယ်။ မြို့နယ်ရပ်ကွက်နဲ့ ကျေးရွာအသီးသီး မှာရှိတဲ့ စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ဝင် (၂၆၁၄၅၇)ဦးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ရဲ့ ခွင့်ပြုရန်ပုံငွေ နဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကို တူညီဝတ်စုံစရိတ် ထောက်ပံ့ငွေ

ကျပ်(၁၀၀၀၀)နှုန်းဖြင့် ကူညီထောက်ပံ့ပေးခဲ့ပါတယ်။ ဒေသအလိုက် ဖွဲ့စည်းခဲ့တဲ့ အရန်မီးသတ်တပ်ဖွဲ့မှာ နှစ်ပေါင်းများစွာ ပါဝင်ထမ်းဆောင်ခဲ့ကြတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်များရှိရာ လုပ်သက်တစ်ဆက်တည်း (၂၅)နှစ် တာဝန်ထမ်းဆောင်ကြတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်လျက် ရှိပါတယ်။

ဒါ့အပြင် ညွှန်ကြားရေးမှူးချုပ်က မီးသတ်ရေးတာဝန်နဲ့ နိုင်ငံတော်မှပေးအပ်တဲ့ တာဝန်များထမ်းဆောင်ရာမှာ လည်းကောင်း သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ ဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားတဲ့ ဘေးအန္တရာယ်တားဆီးကာကွယ်ရေး တာဝန်များထမ်းဆောင်ရာမှာ လည်းကောင်း၊ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နဲ့ သီးသန့်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကိုဖြစ်စေ ပြည်သူ့ဝန်ထမ်းနဲ့ ပြည်သူများကိုဖြစ်စေ သက်ဆိုင်ရာ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအဖွဲ့ရဲ့ ထောက်ခံချက်နဲ့ ဆုငွေ ဒါမှမဟုတ် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခြင်း သို့မဟုတ် ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှင့်နိုင်ရန်အတွက် ထောက်ခံ တင်ပြခြင်းများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နဲ့ အရန်မီးသတ်တပ်ဖွဲ့ပိုင် မီးသတ်ယာဉ်များ လစဉ် စက်နှိုးစမ်းသပ်ဆီနဲ့ မီးလောင်မှုများအတွက် စက်သုံးဆီ (၇)ဂါလံတို့ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး ပြည်နယ်မီးသတ်ဦးစီး ဌာနမှူးရုံးများက သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ ဘဏ္ဍာငွေခွင့်ပြုမိန့် တင်ပြတောင်းခံထားပြီး ခွင့်ပြုမိန့်ရရှိပါက ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်းနဲ့ မီးသတ်ဦးစီးဌာနမှာ လက်ရှိလိုက်နာကျင့်သုံးလျက်ရှိတဲ့ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အစဉ်အလာအရ အရန်မီးသတ်တပ်ဖွဲ့ဝင်များရဲ့ ကိုယ်ကျိုးမကြည့်ဘဲစွန့်စွန့်စားစား ဆောင်ရွက်မှု ပြည်သူ့ဝန်ထမ်းစိတ် အပြည့်အဝဖြင့် စေတနာအလျှောက် ဆောင်ရွက်မှုစတဲ့ စိတ်ဓာတ်များအရလည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့များမှာ ပါဝင်ထမ်းဆောင်မှုအပေါ် ငွေကြေးချီးမြှင့်ပေးခြင်း မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အရန်မီးသတ်နဲ့ပတ်သက်လို့ ကျွန်တော်လည်း ထဲထဲဝင်ဝင် ဆက်ဆံဖူးပါတယ်။ သို့သော် ပရဟိတစိတ်ဓာတ်နဲ့ တကယ့်ကို စေတနာ ထက်ထက်သန်သန်နဲ့ လုပ်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ သူတို့ကို နည်းနည်း ဒီထက်ပိုပြီးတော့ ဂရုဏာထားဖို့တော့လိုပါတယ်။ မိမိရဲ့ ဝမ်းစာလည်း မိမိ ရှာစားရတယ်။ တစ်ဖက်ကလည်း ခုန ကျရောက်လာတဲ့ တာဝန် ကျေကျေပွန်ပွန် ထမ်းဆောင်ကြတဲ့ အနေအထားလေးတွေ ရှိတယ်။ အထူးသဖြင့်တော့ မီးဘေးကာကွယ်ရေးကိစ္စမှာ သူတို့ရဲ့ စွမ်းရည်က တော်တော်လေး ကောင်းတယ်။ အိမ်တွေက မီးဖိုမီးတွေ လိုက်စစ်တာတို့၊ ပြုတာတို့ မီးငြိမ်းတဲ့အချိန်တို့ ဆိုတာလေးတွေ သူတို့ တက်တက်ကြွကြွ လုပ်တာလေးတွေရှိတယ်။ မီးကင်းစောင့်တာတွေ ရှိတာပေါ့နော်။ အဲဒီတော့ တစ်နည်းမဟုတ်တစ်နည်း တစ်နှစ်ပြီး တစ်နှစ် နည်းနည်းလေး စောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

**နိုင်ငံတော်အစိုးရမှ သံအမတ်ခန့်အပ်ကာ သံရုံးဖွင့်လှစ်ထားသည့် နိုင်ငံများရှိ နိုင်ငံပိုင်သံရုံးများ၊ စစ်သံရုံးများနှင့် ဆက်စပ်သည့် နိုင်ငံတော်မှပိုင်ဆိုင်သော ကမ္ဘာအရပ်ရပ်ရှိ သံရုံးမြေဧရိယာများ၊ သံရုံးများ စာရင်းအား နိုင်ငံသူ၊ နိုင်ငံသားအားလုံးမှ ဂုဏ်ယူဝင့်ကြွားဖွယ် သိရှိနိုင်ရေး ကြေညာပေးရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါက်တာအေးမောင် က နိုင်ငံတော်အစိုးရမှ သံအမတ်ခန့်အပ်ကာ သံရုံးဖွင့်လှစ်ထားသည့် နိုင်ငံများရှိ နိုင်ငံပိုင်သံရုံးများ၊ စစ်သံရုံးများနှင့် ဆက်စပ်သည့် နိုင်ငံတော်မှပိုင်ဆိုင်သော ကမ္ဘာအရပ်ရပ်ရှိ သံရုံးမြေဧရိယာများ၊ သံရုံးများ စာရင်းအား နိုင်ငံသူ၊ နိုင်ငံသားအားလုံးမှ ဂုဏ်ယူဝင့်ကြွားဖွယ် သိရှိနိုင်ရေး ကြေညာပေးရန် အစီအစဥ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို လေးစားပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေရန် မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးဖို့အတွက် ဇန်နဝါရီလ ၉ ရက်နေ့မှာ လွှတ်တော်ကို တင်ပြခဲ့တဲ့အခါမှာ မေးခွန်းနှစ်ခု ကျွန်တော် နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာနကို တစ်ခု ညွှန်းပြီးကာမှ နိုင်ငံခြားရေးဝန်ကြီးဌာနကိုလည်း တစ်ခု ညွှန်းခဲ့ပါတယ်။ အဲဒီတော့ နိုင်ငံခြားဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ ဒီမေးခွန်းလေးကို ခုလို မေးခွင့်ရတာကို ကျေးဇူးတင်ပါတယ်။ နောက် သမ္မတရုံးဝန်ကြီးဌာနကို မေးမြန်းဖို့အတွက် ကျွန်တော်တင်တဲ့ မေးခွန်းလေးကတော့ဖြင့် လွှတ်တော်ဘက်က Controversial ဖြစ်နိုင်မယ် ဆိုပြီးကာမှ ခဏာပိတ်ပင်ထားတာမို့လို့ ကျွန်တော် မေးခွင့် မရခဲ့ပါ။ အဲဒါကတော့ဖြင့် မြန်မာ့ဒီမိုကရေစီ အရေးတော်ပုံမှာ တိုက်ပွဲဝင်ရင်း အသက်သွေးချွေး စွန့်လွှတ်ခဲ့......

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအေးမောင် လက်ရှိမေးခွန်းနဲ့ပတ်သက်ပြီးတော့ပဲ ပြောပါ။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးဖို့အတွက် အကြောင်းအရာလေး နှစ်ခု ကျွန်တော် Daily Eleven မှာလား၊ Weekly Eleven မှာလား မသိဘူး ကျွန်တော် ဖတ်မိပါတယ်။

အဲဒီက ဂျပန်နိုင်ငံ တိုကျိုမြို့မှာရှိတဲ့ ပြီးခဲ့တဲ့ အစိုးရအဆက်ဆက်က စစ်လျော်ကြေးကြောင့် ကျွန်တော်တို့နိုင်ငံရရှိခဲ့တဲ့ မြန်မာနိုင်ငံသံရုံးရဲ့ တစ်စိတ်တစ်ဒေသကို သံရုံးမြေနေရာတချို့ကို ရောင်းလိုက်ရတယ်ဆိုတဲ့ သတင်း၊ နောက် ကျွန်တော် သံအမတ်ကြီးဟောင်း ဦးညွန့်တင် ကို မေးတာလား၊ သူပဲ ပြောတာလား၊ ဒီဆောင်းပါးမှာပဲ ပါတာလား၊ မသိပါဘူး။ ကျွန်တော် ဝါရှင်တန်ဒီစီမှာရှိတဲ့ မြန်မာသံရုံးသို့မဟုတ် သံအမတ်ကြီးရဲ့ နေအိမ်ဟာ အထင်ကရ အမေရိကန်သမိုင်းရဲ့ ပုဂ္ဂိုလ်တစ်ဦးဆီကနေ ဝယ်လိုက်တာ Heritage Building တစ်ခုအဖြစ်တောင်မှ သတ်မှတ်ထားတဲ့ အဆောက်အဦကြီး

ဖြစ်တယ်။ ထိန်းသိမ်းသင့်တယ်ဆိုတဲ့ အမြင်လေး ဖတ်လိုက်ရတဲ့အခါကျတော့ နောက်ပြည်ပနိုင်ငံ တချို့ကို ရောက်တဲ့အခါမှာ ဥပမာ ကမ္ဘောဒီးယား ရောက်တဲ့အခါမှာလည်း သံရုံးတို့ကအစ ငှားထား ရတယ်။ သံရုံးဝန်ထမ်းကလည်း ခုန ငှားပြီးကာမှ နေရတယ်ဆိုတာမျိုး ကျွန်တော် ကြုံတွေ့ခဲ့ရပါတယ်။

အဲဒီလိုပဲ ကံအကြောင်းသင့်လို့ ဩစတြေးလျ သံအမတ်ကြီးရဲ့ အိမ်တော် အမေရိကန် သံအမတ်ကြီးရဲ့ အိမ်တော်တို့ကို ရောက်ဖူးခဲ့ပါတယ်။ ရောက်ခဲ့တဲ့အခါမှာ နန်းတော်တမျှ ကျယ်ဝန်းပြီး ကာမှ အင်မတန် သပ်သပ်ရပ်ရပ်လေးနဲ့ အဆောက်အဦကအစ ကောင်းပြီး ကျွန်တော်တို့ သူ့နိုင်ငံရဲ့ ဂုဏ်ယူဖွယ်ရာ အဆောက်အဦတွေ ဖြစ်နေတာကို တွေ့တဲ့အခါမှာ ကျွန်တော်တို့ လက်ရှိအစိုးရရဲ့ နိုင်ငံပေါင်း (၁၂၀) ပတ်ဝန်းကျင်လောက်မှာ သံရုံးခန့်အပ်ပြီးကာမှ သံတမန်ဆက်သွယ်မှုကို လုပ်နေ တယ်။ တချို့နိုင်ငံတွေမှာလည်း သံရုံးရှိတယ်၊ တချို့နိုင်ငံတွေမှာလည်း သံရုံးမရှိဘူး ဆိုတာမျိုးလေး တွေကို ကျွန်တော်တို့ မှတ်မှတ်ရရလေးတွေ ဖြစ်လာပါတယ်။

တစ်ဆက်တည်း ပြည်ပနိုင်ငံကို ရောက်တဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံသားတချို့က မြန်မာနိုင်ငံသံရုံးဟာ ပြီးခဲ့တဲ့ကာလ (၂) နှစ်လောက်ကစပြီး တက်တက်ကြွကြွ ဖြစ်လာတယ်။ ပြီးခဲ့တဲ့ ကာလတွေမှာတော့ ဖြင့် သံရုံးဆိုတာမျိုးက ဆန္ဒပြဖို့အတွက်နေရာ တစ်နည်းအားဖြင့် သံရုံးဆိုတာ အခွန်အကောက်ကို ကောက်ခံတဲ့နေရာဖြစ်လို့ မြန်မာနိုင်ငံသားတွေ ပြည်ပရောက်တဲ့ ကာလမှာ တော်တော်လေးကို ကွင်းရှောင်တဲ့နေရာဖြစ်တယ်။ အခုအခါ ပွင့်လင်းလာပြီ၊ အဲဒါကြောင့်မို့လို့ သံရုံး တွေကလည်း ထိုင်းတို့ မလေးတို့မှာဖြစ်တဲ့ကိစ္စက စပြီးတော့ သီးသန့် အလုပ်သမားဝန်ကြီးဌာနရဲ့ အရာရှိတွေ တွဲဖက်တာတို့၊ မြန်မာနိုင်ငံသားတွေ ပြည်ပမှာရှိတဲ့ နိုင်ငံသားတွေ ဝိုင်းကူလာတာတို့ ရှိလာတဲ့အခါမှာ သံရုံးနဲ့ ကျွန်တော်တို့နိုင်ငံသားတွေ ထိတွေ့မှုရှိဖို့ အင်မတန် လိုလာတယ်။

သံရုံးဆိုတာမျိုးက ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ပြည်ပမှာရှိတဲ့ တစ်စိတ်တစ်ဒေ သသော နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင် မြေဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်လာတဲ့အခါမှာ ဒီ မြေတွေကို နိုင်ငံသားတွေက ဂုဏ်ယူဖွယ်ဖြစ်အောင် ကျွန်တော်တို့မှာ မှတ်တမ်းမှတ်ရာလေးတွေနဲ့ တင်ပြအသိပေးဖို့ လိုပြီ။ အဲဒီလိုပဲ တစ်ဆက်တည်းမှာပဲ ဒီသံရုံးတွေ ရှိတဲ့ တည်နေရာလေးတွေ သူ့ရဲ့ သမိုင်းကြောင်းလေးတွေ အဆောက်အဦရဲ့ ဒီဇိုင်းလေးတွေ ဓာတ်ပုံကောင်းကောင်းလေးတွေနဲ့ စာအုပ် အဖြစ် ပုံနှိပ်ပြီးကာမှ မြန်မာနိုင်ငံပြင်ပကိုရောက်တဲ့ နိုင်ငံသားတွေ ဂုဏ်ယူဖွယ် သွားရောက် ဆက်သွယ် နိုင်အောင်၊ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ သမိုင်းအားဖြင့်လည်းပဲ အထောက်အထား တစ်ခု ဖြစ်အောင် မှတ်တမ်းတင်စာအုပ် တစ်ခုအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အပါအဝင် ပြည်ထောင်စု အစိုးရဘက်က ပုံနှိပ်ထုတ်ဝေဖို့ လိုပြီဆိုတဲ့ အကြံပြုချက်လေးတစ်ခုလည်း ရလာပါတယ်။

အဲဒီလိုပဲ ကျွန်တော်တို့ ပြီးခဲ့တဲ့ အစိုးရ အဆက်ဆက်မှာ စစ်ဘေးဒဏ်ကြောင့် ခုနကလို လျော်ကြေးကြောင့်ပဲ ရရ မြန်မာနိုင်ငံရဲ့ အချုပ်အခြာ အာဏာပိုင်မြေလေးတွေကို ရောင်းချခဲ့တာများ ရှိခဲ့လို့ရှိရင် အဖြစ်မှန်အတိုင်း ပြည်သူကို အသိပေးတင်ပြခြင်းအားဖြင့် နောက်နောင် ကျွန်တော်တို့ရဲ့ ပြည်ပနိုင်ငံတွေမှာ သံရုံးတွေဖွင့်တာနဲ့အတူ သံရုံးမြေနေရာလေးတွေကို ပြန်ဝယ်ပြီးကာမှ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တစ်စိတ်တစ်ဒေသအဖြစ် ပြန်လည်ပုံဖော်ဖို့ လိုပြီဆိုတာလေးကိုလည်း အကြံပြု တင်ပြလိုပါတယ်။

အဲဒါကြောင့် တစ်ဆက်တည်း ဒီ မေးခွန်းလေးတွေကို ကျွန်တော် (၄)ခုလောက် လုပ်ထားပါတယ်။ အဓိကကတော့ဖြင့် ဒီ နိုင်ငံခြားတိုင်းပြည်များမှာရှိတဲ့ ကျွန်တော်တို့ရဲ့ သံရုံးမြေနေရာ၊ စစ်သံရုံးမြေနေရာ အခြားဝန်ထမ်းတွေရဲ့ အိမ်နေရာတွေများရှိခဲ့လို့ရှိရင် ဝယ်ယူထားရခြင်း သို့မဟုတ် လျော်ကြေး တစ်ခုကြောင့် သို့မဟုတ် နိုင်ငံတကာ နိုင်ငံခြားအစိုးရ တစ်ရပ်ရပ်ရဲ့ ချစ်ကြည်မှုအရ ပေးလှူခဲ့ခြင်း စသည်ဖြင့် သမိုင်းအထောက်အထားတွေနဲ့ ကျွန်တော်တို့ကိုရရှိတဲ့ ခုနှစ်သက္ကရာဇ်က အစ အဆောက်အဦရဲ့ တန်ဖိုးတွေကို မှတ်တမ်းပြုနိုင်အောင် ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းပြပေးနိုင်မှာလားဆိုတာ တစ်ခုရယ်။ နောက် တကယ်လို့များ နိုင်ငံပြင်ပမှာ သံရုံးတွေကို ငှားရမ်း ဖွင့်လှစ်ထားတာ များရှိခဲ့လို့ရှိရင် ငှားရမ်းရသဖြင့် ကုန်ကျတဲ့ နိုင်ငံခြားငွေ၊ နိုင်ငံအလိုက် ကုန်ကျတဲ့ နိုင်ငံခြားငွေစာရင်းရယ်၊ နှစ်ကာလတစ်ခုအထိ ပြည့်ပြည့်စုံစုံ ကျွန်တော်တို့ကို တင်ပြပေးနိုင်မှာလားဆိုတဲ့ မေးခွန်းတစ်ခုရယ်။

ယခင်အစိုးရက ခုနကလိုပေါ့နော် ကျွန်တော်တို့ ရရှိထားတဲ့ သံရုံးမြေနေရာလေး တွေကို ယခင်အစိုးရလက်ထက်မှာ ရောင်းချခဲ့တာများ ရှိခဲ့လို့ရှိရင် ဘယ်လိုရောင်းချခဲ့တယ်။ ဘယ်လို အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ရောင်းပြီးကာမှ ရောင်းရစဉ်တုန်းက ဘယ်လောက်ရရှိခဲ့တယ်။ အမှန်ရငွေတန်ဖိုး၊ ရောင်းရငွေအရပ်ရပ်ကို မည်ကဲ့သို့ ထိန်းသိမ်းထားတယ်ဆိုတာမျိုးကို မှတ်တမ်းပြုနိုင်အောင် နိုင်ငံခြားရေးဝန်ကြီးဌာနကို ရှင်းပြဖို့ ကျွန်တော် တတိယမေးခွန်း မေးထားပါတယ်။ နောက်ဆုံးတစ်ခုကတော့ဖြင့် အခုအစိုးရလက်ထက်မှာ ခုလိုပဲ သံရုံးမြေနေရာများကို ဝယ်ယူခြင်း ရှိ/မရှိ။ ဝယ်ယူဖို့ အစီအစဉ် ရှိ/မရှိ။ ယခင်အစိုးရလက်ထက်က ဝယ်ယူခဲ့တဲ့ မြေများကို ရောင်းချခဲ့ခြင်း ရှိ/မရှိ တို့ကိုလည်းပဲ ရှင်းရှင်းလင်းလင်း သိနိုင်အောင် ရှင်းလင်းဖြေကြားပေးပါလို့ ကျွန်တော် မေးခွန်း(၄)ခု လေးကို တိုတိုလေးနဲ့ တင်ပြပေးထားတာ ဖြစ်ပါတယ်။

အဲဒါကို အများပြည်သူအကျိုးငှာ နိုင်ငံခြားရေးဝန်ကြီးဌာန အနေနဲ့ ရှင်းပြပေးနိုင်ဖို့ မေတ္တာရပ်ခံရင်း ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဦးတင်ဦးလွင် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဦးစွာ ပထမ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ရိုသေစွာဂါရဝပြု ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ အမှတ်(၁) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် မှ မေးမြန်းထားတဲ့ နိုင်ငံတော်အစိုးရမှ သံအမတ် ခန့်အပ်ကာ သံရုံးဖွင့်လှစ်ထားသည့် နိုင်ငံများရှိ နိုင်ငံပိုင်သံရုံးများ၊ စစ်သံရုံးများနှင့် ဆက်စပ်သည့် နိုင်ငံတော်မှ

ပိုင်ဆိုင်သော ကမ္ဘာအရပ်ရပ်ရှိ သံရုံးမြေဧရိယာများ၊ သံရုံးစာရင်းများအား နိုင်ငံသူ/နိုင်ငံသား အားလုံးမှ ဂုဏ်ယူဝံ့ကြွားဖွယ်သိရှိနိုင်ရေး ကြေညာပေးရန် အစီအစဥ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အနေဖြင့် ကမ္ဘာအရပ်ရပ်ရှိ မြို့တော်နှင့် မြို့ကြီး (၄၀)တို့တွင် မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး စုစုပေါင်း(၄၀)ရုံး ဖွင့်လှစ်ထားရှိပြီး သံတမန်ရေးရာ ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့သို့ ဖွင့်လှစ်ဆောင်ရွက်ရာမှာလည်း ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ အောက်ဖော်ပြပါ မြို့ကြီး(၁၈) မြို့တို့မှာ နိုင်ငံတော်ပိုင် သံရုံးများ၊ စစ်သံရုံးများ၊ သံရုံးမြေဧရိယာများ ဝယ်ယူပိုင်ဆိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီ နိုင်ငံမှာရှိတဲ့ သံရုံးများကတော့ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ။ ဘာလင်မြို့၊ ပြည်ထောင်စု သမ္မတဂျာမဏီနိုင်ငံ။ ကင်ဘာရာမြို့၊ ဩစတြေးလျ ဓနသဟာယနိုင်ငံ။ ကိုင်ရိုမြို့၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ။ ဟောင်ကောင်မြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ အစ္စလာမာဘတ်မြို့၊ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ။ ဂျကာတာမြို့၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ။ ကူမင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ လန်ဒန်မြို့၊ ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံ။ နယူးယောက်မြို့၊ အမေရိကန်ပြည်ထောင်စု။ နယူးဒေလီမြို့၊ အိန္ဒိယသမ္မတနိုင်ငံ။ ပါရီမြို့၊ ပြင်သစ်နိုင်ငံ။ ပရီတိုးရီးယားမြို့၊ တောင်အာဖရိကနိုင်ငံ။ ဆိုးလ်မြို့၊ ကိုရီးယားသမ္မတနိုင်ငံ။ စင်ကာပူမြို့၊ စင်ကာပူသမ္မတနိုင်ငံ။ တိုကျိုမြို့၊ ဂျပန်နိုင်ငံ။ ဗီယင်ကျန်းမြို့၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ဝါရှင်တန်မြို့၊ အမေရိကန်ပြည်ထောင်စု။ အဆိုပါ နိုင်ငံတော်ပိုင်ရုံး (၁၈)ရုံးနှင့် ပတ်သက်ပြီး ကာလတန်ဘိုး အသီးသီးအား နိုင်ငံသားများအနေနဲ့ မေးမြန်းထားတဲ့အတိုင်း ဂုဏ်ယူဝမ်းမြောက်ဖွယ် သိရှိနိုင်ရေး အတွက် အောက်ဖော်ပြပါ အတိုင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံအနေနဲ့ အမေရိကန်ဒေါ်လာ (၁၃၂၃.၈၃)သန်း၊ ထိုင်း ဘတ်ငွေအားဖြင့် သန်းပေါင်း (၄၁၈၅၀)။ ဘာလင်မြို့၊ ဂျာမဏီနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၁.၂၈)သန်းနဲ့ ယူရိုအားဖြင့် (၁) သန်းကျော်။ ကင်ဘာရာမြို့၊ ဩစတြေးလျ ဓနသဟာယနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၄.၄၀)သန်းနဲ့ ဩစတြေးလျ ဒေါ်လာအားဖြင့် (၄.၈၉)သန်း။ ကိုင်ရိုမြို့၊ အီဂျစ်အာရပ်သမ္မတနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၂.၃၁)သန်း၊ အီဂျစ်ပေါင်အားဖြင့် (၁၇.၇၅)သန်း။ ဟောင်ကောင်မြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၆.၆၂)သန်း၊ အစ္စလာမာဘတ်မြို့၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံမှာ အမေရိကန်ဒေါ်လာ(၃၈)သန်း။ ဂျကာတာမြို့၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၄.၀၃)သန်းခန့်နဲ့ ရူပြားအားဖြင့် (၃၆၃၁၁)သန်း၊ ကူမင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အမေရိကန်ဒေါ်လာ(၄.၁၇)သန်း။ လန်ဒန်မြို့၊ ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံမှာ အမေရိကန်ဒေါ်လာ (၃၄.၆၅)သန်းနဲ့ စတာလင်ပေါင်အားဖြင့် (၂၂.၅)သန်း။ နယူးယောက်မြို့၊ အမေရိကန် ပြည်ထောင်စုမှာ အမေရိကန်ဒေါ်လာ (၂၆)သန်း။ နယူးဒေလီမြို့၊ အိန္ဒိယသမ္မတနိုင်ငံမှာ အမေရိကန် ဒေါ်လာ (၄၂၇.၇၀)သန်းနဲ့ ရူပီးအားဖြင့် (၂၆၁၉၆)သန်း။ ပါရီမြို့၊ ပြင်သစ်နိုင်ငံမှာ အမေရိကန် ဒေါ်လာ (၃.၄၅)သန်းမှ (၅.၁၃)သန်းအထိနဲ့ ယူရိုအားဖြင့် (၂.၇)သန်းမှ (၄.၁၅)သန်း။ ပရီတိုးရီးယားမြို့၊ တောင်အာဖရိကနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၀.၄၃)သန်း၊ ယန်းအားဖြင့်

(၄)သန်းကျော်။ ဆိုးလ်မြို့၊ ကိုရီးယားသမ္မတနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၁.၇၁)သန်းနဲ့ ကိုရီးယားဝမ်အားဖြင့် သန်း(၁၉၀၀)။ စင်ကာပူမြို့၊ စင်ကာပူသမ္မတနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၁၅.၆၃)သန်း၊ စင်ကာပူဒေါ်လာအားဖြင့် သန်း(၂၀)ခန့်။ တိုကျိုမြို့၊ ဂျပန်နိုင်ငံမှာ အမေရိကန်ဒေါ်လာ(၂၄၆)သန်း၊ ဗီယင်ကျန်းမြို့၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၄.၃၂)သန်း။ ဝါရှင်တန်မြို့၊ အမေရိကန် ပြည်ထောင်စုမှာ အမေရိကန်ဒေါ်လာ(၁၀)သန်း ခန့်တို့ဖြစ်ပါတယ်။

ကျန်မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး (၂၂)ရုံး အနေနဲ့ သက်ဆိုင်ရာနိုင်ငံများမှ ငှားရမ်းသုံးစွဲလျက်ရှိပြီး ငှားရမ်းသုံးစွဲခများအား နှစ်စဉ် နိုင်ငံတော် ဘဏ္ဍာငွေစာရင်းမှာ ထည့်သွင်းရေးဆွဲပြီးတော့ ခွင့်ပြုမိန့်အရ ရယူသုံးစွဲလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို နံနက် ၁၀း၅၀ နာရီတွင် ရပ်နားပြီး ၁၁း၁၀ အချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းကို ၂၃-၁-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့ထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းကို ပြည်သူ့

လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦး အမည်စာရင်း တင်သွင်းထား ပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးနိန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၂။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ လေ့လာသူ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်(၂)ရပ်က အတည်ပြုပေးခဲ့သော အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်း အခန်း(၁)ရဲ့ ပုဒ်မ ၂၊ အပိုဒ်ခွဲ (ဂ)၊ (ဃ)နဲ့ စပ်လျဉ်းပြီးတော့ အကြမ်းဖက်မှုအတွက် ငွေကြေးထောက်ပံ့ ခြင်းဆိုင်ရာ အကြောင်းကို အနည်းငယ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ အင်္ဂလိပ်ဝေါဟာရတွေ သုံးစွဲခွင့်ပြုပေးပါရန် ပန်ကြား အပ်ပါတယ်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ(၁၁)ရက်နေ့ အကြမ်းဖက်သမားများရဲ့ တိုက်ခိုက်မှုဖြစ်စဉ် အပါအဝင် ကမ္ဘာတစ်ဝှမ်းအစွန်းရောက် သမားများရဲ့ရက်စက်မှုများက Open Source Intelligence ရဲ့ အရေးကြီးပုံကို သက်သေပြခြင်း ဖြစ်ခဲ့ပါတယ်။ သမရိုးကျအားဖြင့် တရားဥပဒေထိန်းသိမ်းရေး ဌာနများ၊ Law Enforcement Agencies ဟာ ငွေခဝါချလုပ်ရှားမှုကို ငွေကြေး ဝန်ဆောင်မှုရဲ့ အစိတ်အပိုင်း Financial Service Sectors များရဲ့ လုပ်ဆောင်မှု အပေါ်တွင်သာ အာရုံပြုခဲ့ ကြပါတယ်။ တိုးတက်သော ယနေ့ကမ္ဘာကြီးရဲ့ နည်းပညာအသစ်များနဲ့ စီးပွားရေးစနစ် ပုံစံကြောင့် အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှုများကို စုံစမ်းထောက်လှမ်းရာတွင် သတင်းအချက်အလက် နည်းပညာနဲ့ အချက်အလက် ရှာဖွေတူးဖော်ခြင်းပညာ Data Mining Techniques ကို အသုံးချရန် လိုအပ်နေပြီလို့ ခေတ်သစ်ကြီးကို အချက်ပြလိုက်သလို ဖြစ်စေခဲ့ပါတယ်။ သမိုင်းအရဆိုလျှင် ဘဏ်တိုက် များရဲ့ အခြားငွေကြေး အဖွဲ့အစည်း Financial Institution ဟာ တရားဥပဒေထိန်းသိမ်းရေးဌာနရဲ့ အဓိက အာရုံပြုရာ အရပ်တစ်ခု ဖြစ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်မှာ တရားမဝင်တဲ့ နည်းလမ်းနဲ့ ရရှိတဲ့ ငွေမည်းတွေကို အသုံးပြုပြီး နိုင်ငံဖြတ်ကျော်ကာ မှုခင်းတွေ၊ ဆင့်ပွားမှုခင်းတွေ တစ်နေ့တစ်ခြား ကြီးထွားလာစေ ပါတယ်။ ကမ္ဘာကျော် အကြမ်းဖက်အဖွဲ့တွေနဲ့ ဆိုမာလီပင်လယ်ဓားပြတွေဟာ အဲဒီလိုငွေတွေနဲ့ ခုနှစ် ရက်သားသမီးတွေကို ပင်လယ်ဒုက္ခဝေစေခဲ့တာ ထင်ရှားတဲ့ ပြယုဂ်တစ်ခု ဖြစ်ပါတယ်။ လူမှုရေး ကဏ္ဍတွေ ပါဝင်စွက်ဖက်၊ အဖျက်အမှောင့် လုပ်ငန်းတွေကို ရည်ရွယ်ချက် အမျိုးမျိုးနဲ့ မြိန်ရေယှက်ရေ With Relish ဆောင်ရွက်လာကြပါတယ်။ အထူးသဖြင့် အကြမ်းဖက် အဖွဲ့အစည်းတွေကို ငွေကြေး ထောက်ပံ့ပြီး ကမ္ဘာ့လုံခြုံရေး၊ လူသားလုံခြုံရေးတွေကို ခြိမ်းခြောက်သတ်ဖြတ်လျက် ရှိနေတာကို သိရှိပါတယ်။ ထင်ရှားတဲ့ အကြမ်းဖက်သမား အဖွဲ့အစည်းတွေကလည်း ကြောက်မက်ဖွယ်ရာ ထင်ရှား တဲ့ လူမဆန်စွာ အစုလိုက်အပြုံလိုက် လူသတ်မှုကြီးတွေကို အလွယ်တကူ ကျူးလွန်နိုင်ကြတာကလည်း

ငွေမည်းကို တစ်နေ့တစ်ခြားကြီးထွားလာအောင် ဆောင်ရွက်ရင်းနဲ့ အများဆုံးအသုံးချခွင့်ကို ရရှိခဲ့ကြပါတယ်။

အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနဲ့ ငွေမည်းခဝါချတာ ဘယ်လိုဆက်စပ်သလဲဆိုတဲ့ မေးခွန်းကလည်း အင်မတန်မှ ရေပန်းစားခဲ့ပြီး ကျွန်တော်တို့ လူသားအားလုံး၌သာ သံသယရှိခဲ့မယ်ဆိုရင် ငွေကြေးခဝါချမှုလို့ခေါ်တဲ့ အကြောင်းအရာတွေကို စုံစုံလေ့လာကြည့်ဖို့ တိုက်တွန်းလိုပါတယ်။ သက်ရှိထင်ရှား နေနေကြတဲ့ လူသားတွေဟာ ၎င်းတို့အတွက် ဝင်ငွေလိုပြီး အဲဒီဝင်ငွေအတွက် လုပ်ငန်းမျိုးစုံဆောင်ရွက်လာကြတဲ့အခါ ဥပဒေကခွင့်မပြုတဲ့ တရားမဝင်သောနည်းလမ်းနဲ့ ဝင်ငွေရှာလာကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုစနစ်ရဲ့ ရည်ရွယ်ချက်က အကြမ်းဖက်မှုနဲ့ ဆက်စပ်နေတဲ့ လှုပ်ရှားမှုတွေအတွက် ငွေကြေးစုဆောင်းခြင်းပဲဖြစ်ရာ ခဝါချထားတဲ့ငွေကြေးတွေဟာ တရားမဝင်အရင်းအမြစ်တွေအဖြစ် အမြဲတမ်းရှိနေပါတယ်။ တရားဝင်အရင်းအမြစ်ရှိရင် ငွေကြေးခဝါချမှုမလိုတော့ပါ။ ဒါကြောင့်အကြမ်းဖက်မှုအတွက် အသုံးချရတဲ့ ငွေကြေးတွေဟာ တရားမဝင်တဲ့ အရင်းအမြစ်တွေရရှိနိုင်ပါတယ်။ အမှန်ဆိုရင် အကြမ်းဖက်မှုဆိုင်ရာ ငွေကြေးတွေဟာ ငွေကြေးရရှိရန် ဆောင်ရွက်မှုနဲ့ ငွေကြေးရဲ့မူလဇစ်မြစ်ကို ဖုံးကွယ်ရန်ရည်ရွယ်ထားပါတယ်။ ငွေကြေးခဝါချမှုတွေဟာ တစ်နည်းပြောရရင် မူလဇစ်မြစ်ကိုဝါးမျိုစေရန် ဆောင်ရွက်တဲ့လုပ်ငန်းစဥ် ဖြစ်ပါတယ်။ စုံစမ်းထောက်လှမ်းရေးဌာနများဟာ အိမ်ရှေ့တံခါးဖြစ်တဲ့ ငွေကြေးအဖွဲ့အစည်းမှ ငွေခဝါချမှုကို ဟန့်တားရာမှာ လုံလောက်စွာလုပ်ဆောင်နိုင်ခဲ့သော်လည်း ပုံမှန်မဟုတ်သော အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး ဈေးသတ်မှတ်မှု International Trade Pricing ရဲ့ နောက်ကွယ်တံတားကိုမူ လျစ်လျူရှုထားပါတယ်။ ဈေးလျှော့သတ်မှတ်ဈေးနှုန်းဖြင့် ကုန်ပစ္စည်းများသွင်းခြင်း သို့မဟုတ် ဈေးပိုသတ်မှတ်ဈေးနှုန်းဖြင့် ကုန်ပစ္စည်းများတင်ပို့ခြင်းဖြင့် တိုင်းပြည်တစ်ခုအတွင်းသို့ ငွေခဝါချသွင်းတဲ့ ရလဒ်ကို ရရှိပါတယ်။ ကမ္ဘာ့ နိုင်ငံအသီးသီးတွင် လှုပ်ရှားနေသော ကမ္ဘာ့နိုင်ငံကျော် အယ်လ်ကိုင်ဒါ အကြမ်းဖက်အဖွဲ့အစည်းများဟာ ယင်းကဲ့သို့ဈေးနှုန်းသတ်မှတ်ပုံစံများဖြင့် ၎င်းတို့ရဲ့ တရားမဝင်လှုပ်ရှားဆောင်ရွက်နေမှုများအပေါ်ငွေကြေးထောက်ပံ့နေတယ်လို့ သံသယဖြစ်ဖွယ် ဖြစ်ထွန်းပေါ်ပေါက်စေခဲ့ဖူးပါတယ်လို့ ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ အကြမ်းဖက်မှုကြောင့်အကျိုးဆက်ဆိုးကျိုးတွေ ဖြစ်ပေါ်လာနိုင်တဲ့ မှုခင်းကြီးတွေကို ကမ္ဘာ့အနှံ့နိုင်ငံတွေက တွေ့ကြုံခံစားလာရလို့ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ အကြမ်းဖက် ငွေကြေးထောက်ပံ့မှုအစီအစဥ်တွေကို ရေးဆွဲအကောင်အထည်ဖော်ဖို့ တိုက်တွန်းလျက်ရှိနေပါတယ်။ ယခုအခါမှာ ဥပဒေတွေဟာ အမြဲတမ်းခေတ်မီနေစေဖို့ သုတေသနပြုခြင်းနဲ့ လေ့လာဆန်းစစ်ခြင်းတို့ကိုဆောင်ရွက်ပြီး မွမ်းမံပြင်ဆင်နေပါတယ်။ အဲဒီတိုက်ဖျက်ရေးအစီအစဥ်တွေမှာ ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လိုအပ်ချက်တွေဖြစ်တဲ့ အန္တရာယ်အခြေပြု စိစစ်ရေး၊ အချိန်အခါ အခြေအနေတွေနဲ့ ကိုက်ညီတဲ့ ဥပဒေမူဝါဒ၊ လုပ်ထုံးလုပ်နည်းတွေပြဋ္ဌာန်းခြင်း၊ အဆင့်မြင့်စီမံခန့်ခွဲသူတွေရဲ့ အခန်းကဏ္ဍ လိုအပ်ချက်နဲ့ တစ်ပြေးညီဖြစ်စေရန် စိစစ်ခြင်း၊ ပြင်ဆင်ခြင်းစတာတွေကို ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါတယ်လို့သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ငွေကြေးစနစ်ဟူသော သမာရိုးကျယန္တရားမှာ အခြားနည်းလမ်းဟူ၍ မရှိသေးဘဲ ချမှတ်သတ်မှတ်ထားသောစံအတိုင်းသာ နိုင်ငံတကာက ဆက်လက်လိုက်နာဆောင်ရွက်

နေပါတယ်။ ငွေကြေးများလှုပ်လှုပ်ရှားရှားဖြစ်ခြင်းနဲ့ ပြိုင်ဆိုင်မှုများပြားလာခြင်းစတာတွေဟာ ဖျက်အားပြင်းသော လက်နက်များပင်ဖြစ်ပါတယ်။ အကြမ်းဖက်မှုကြောင့်နိုင်ငံများရဲ့ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အချုပ်အခြာအာဏာတို့ကိုပင် အံတုခြိမ်းခြောက်နိုင်သည့် အခြေအနေများ ဖြစ်လာနိုင်ကြောင်း စိုးရိမ်ဖွယ်ရာ တွေ့ရှိရသဖြင့် ဂိုဏ်းအဖွဲ့ ကျူးလွန်သောပြစ်မှုများကို တားဆီးကာကွယ်နိုင်ရန် တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၀ ပြည့်နှစ်မှာ ကျင်းပအတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာအဖွဲ့အစည်းများကလည်း အကြမ်းဖက်သမားတွေအပေါ် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး AML/CFT ဆိုင်ရာ ကိစ္စရပ်များကိုပူးပေါင်းဆောင်ရွက်ခြင်းအပြင် အာရှ၊ ပစိဖိတ်ဒေသ ငွေကြေးခဝါချတိုက်ဖျက်ရေးအုပ်စု Asia Pacific Group on Money Laundering-APG အရှေ့တောင်အာရှနိုင်ငံများ ASEAN, APEC နဲ့ ကမ္ဘာ့ဘဏ်ဥရောပ ကော်မရှင် အလှူရှင် နိုင်ငံများစတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများကလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကမ္ဘာလုံး ဆိုင်ရာစိန်ခေါ်မှုအဖြစ်သတ်မှတ်ပြီး ပူးပေါင်းဆောင်ရွက်လျက် ရှိနေပါတယ်။ ဘဏ်နဲ့ဆက်သွယ်ရေး ဆောင်ရွက်သူအပေါ် ကောင်းမွန်စွာသိရှိခြင်း Know Your Customer KYC နဲ့ ထိုက်သင့်သော လုံ့လဝီရိယရှိခြင်း၊ Customer Due to Diligence - CDD စည်းမျဉ်းများ သတ်မှတ်ခဲ့ပါတယ်။

နိုင်ငံရေးသြဇာရှိသူတွေအပေါ် လုပ်ငန်းစဉ်တွေ ဆောင်ရွက်ခြင်းစတဲ့ တိုက်ဖျက်ရေး အစီအစဉ်တွေ ချမှတ်ကျင့်သုံးခြင်းဖြင့် နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မယ်လို့ ထင်မြင်ယူဆသုံးသပ်မိပါတယ်။ KYC/CDD ရဲ့ စည်းမျဉ်းနဲ့ အကြမ်းဖက်ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေး ဥပဒေ လိုက်နာရေးစတာတွေကို ဆောင်ရွက်တဲ့အဆောက်အဦ အရေအတွက် တိုးတက်များပြားလာခြင်းကို ၂၀၁၄ ခုနှစ်ကြီးမှာ ကြိုဆိုထောက်ခံမှာဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ လွှတ်တော်နှစ်ရပ်ရဲ့ ပြင်ဆင်ထားတဲ့ဥပဒေကြမ်းဟာ နိုင်ငံတကာစံနှုန်းများနဲ့ လိုက်လျောညီထွေမှုရှိပြီး စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်၍ ပြည်သူများထံသို့ နားလည် ရှင်းလင်းအသိပေးပြောကြားတင်ပြဖို့လည်း လိုအပ်သလို အိမ်နီးချင်းနိုင်ငံများအကြားမှ မိမိနိုင်ငံသို့ဦးတည်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမား အကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ပါက ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးနိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ကာကွယ်တားဆီးနှိမ်နင်းနိုင်ရန် အထူးစီမံချက် တစ်ရပ်ကိုချမှတ်၍ ကြိုတင်ပြင်ဆင် ရေးဆွဲသင့်ပါကြောင်း သက်ဆိုင်ရာလုပ်ငန်းကော်မတီ၏ လိုအပ်သော အမိန့်နဲ့ညွှန်ကြားချက်များကို ဆောလျင်စွာထုတ်ပြန်ပေးနိုင်ရန် အကြံပြုထောက်ခံ ဆွေးနွေးတင်ပြအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးနိန်းခင်းပေါင် ရဲ့ ဆွေးနွေးချက်မှာ မူလအမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကိုလည်းကောင်း ဘာမှ ပြင်ဆင်ချက်မရှိတဲ့အတွက် နောက်တစ်ကြိမ်မှာ လွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်နိုင်အောင် ဥပဒေကြမ်း ကော်မတီက နေပြီးတော့ အစီရင်ခံစာ ပြန်လည်တင်သွင်းဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကြမ်း(၅)ရပ်ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော် က အမျိုးသားလွှတ်တော် ၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသော ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၅)ရပ်တို့ကို ၄-၁၁-၂၀၁၃ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဆိုတင်သွင်းခဲ့ပါတယ်။

ယင်း ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ပြန်လည် ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးအောင်ငြိမ်း၊ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်း ဆက်သဂါရဝပြု အပ်ပါတယ်။ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်းဖြစ်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်လည်း ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌ ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ(၅)ရပ်ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁)၁/၂၀၁၄-၁၀၅
ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ မတ် လ ၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ( ၁၆ - ၁၀ - ၂၀၁၃ )ရက်စွဲဖြင့် -

(က) ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း၊

(ဃ) နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်

(င) ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါတယ်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အစည်းအဝေးများ ပြုလုပ်ညှိနှိုင်းခဲ့ပြီး ပထမအကြိမ်၊ အမျိုးသားလွှတ်တော် အဋ္ဌမအကြိမ် အစည်းအဝေး၌ အစီရင်ခံစာများ တင်သွင်းခဲ့ပါသည်။ ကော်မတီသည် မူလသုံးသပ်တင်ပြချက်များ အပေါ်တွင် ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံပြုလုပ်ခဲ့ပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် တို့ကို ပြန်လည်အစီရင်ခံ တင်ပြအပ်ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေများကို ပြင်ဆင်သည့်ဥပဒေကြမ်းများအပေါ် ထပ်မံလေ့လာစိစစ်ခဲ့ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ လစာခေါင်းစဉ်မှ လက်ရှိခံစားနေသော ချီးမြှင့်ငွေအပေါ်တွင် ဝင်ငွေခွန်ဥပဒေအရ အခွန်ကောက်ခံနိုင်ရန် အတွက်ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေများကို ပြင်ဆင်ရန် တင်ပြလာခြင်းဖြစ်ပြီး အဓိကပြင်ဆင်သည့် အကြောင်းအရာမှာ ဥပဒေအသီးသီး၌ ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဆိုသည့် အခွန်ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း လွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့ပြီးဖြစ်ပါသည်။

(ခ) ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေအသီးသီး၌ ဝင်ငွေအရပ်ရပ် အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါပြင်ဆင်သည့် ဥပဒေကြမ်းများကို သဘောတူလက်ခံသင့်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဝင်ငွေခွန်ကို ပုံမှန်လစဉ်ချီးမြှင့်ငွေအပေါ်တွင်သာ ကောက်ခံသင့်သော်လည်း အခြားစရိတ်များ ပေါ်တွင် ကောက်ခံခြင်း မပြုသင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(ဂ) လက်ရှိအချိန်တွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၏ လစဉ်ချီးမြှင့်ငွေများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ လျှော့ချ၍ ခံစားလျက်ရှိကြပါသည်။ လစဉ်ချီးမြှင့်ငွေများကို နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့်အညီ အစိုးရအဆက်ဆက်က သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံ၏ လူမှုစီးပွားရေး အခြေအနေနှင့် နိုင်ငံရေး အခြေအနေတို့သည် အပြန်အလှန် ဆက်စပ်နေသော အကြောင်းတရားများဖြစ်ပါသည်။ နိုင်ငံတော်သမ္မတမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ချီးမြှင့်ငွေများကို လျှော့ချခံစားခဲ့ခြင်းမှာ အဆိုပါ လူမှုစီးပွားရေး အခြေအနေ၊ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ လူတစ်ဦးချင်း၏ ဝင်ငွေအချိုးအစား၊ နိုင်ငံ၏ GDP ညွှန်းကိန်းများနှင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်ထောင်စုဝန်ကြီးနှင့် အဆင့်တူဖြစ်သည့် ပုဂ္ဂိုလ်များ၏ လစဉ်ချီးမြှင့်ငွေသည် ငွေကျပ် သိန်း (၃၀)ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာနှင့် ထောက်ပံ့ငွေစုစုပေါင်း (၁၀၅၀၀၀ိ/-)ကျပ်ထက် (၃၀)ဆခန့်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ဌာနဆိုင်ရာဝန်ထမ်း အကြီးအမှူးဖြစ်သော ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့၏ အမြင့်ဆုံးလစာနှင့် ထောက်ပံ့ငွေစုစုပေါင်းမှာ (၂)သိန်း (၈)သောင်း ကျပ်ဖြစ်၍ ယင်းတို့၏ လစဉ်ချီးမြှင့်ငွေနှင့် (၁၁)ဆခန့် ကွာခြားလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အတူ ဒုတိယဝန်ကြီးနှင့် အခြားအဆင့်တူဖြစ်သည့် ပုဂ္ဂိုလ်များ၏ လစဉ်ချီးမြှင့်ငွေသည် ငွေကျပ် သိန်း(၂၀)ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာနှင့် ထောက်ပံ့ငွေ စုစုပေါင်းထက် (၂၀)ဆခန့် ဖြစ်သည်ကို လည်းကောင်း၊ ဌာနဆိုင်ရာဝန်ထမ်းအကြီးအမှူးဖြစ်သော ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့၏ အမြင့်ဆုံးလစာနှင့် ထောက်ပံ့ငွေ စုစုပေါင်းထက် (၇)ဆခန့် ကွာခြားလျက်ရှိနေကြောင်းကိုလည်းကောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့် ထောက်ပံ့ငွေများကို တွက်ချက်ရာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ခံစားခွင့်ရမည့် ထောက်ပံ့ငွေကျပ် (၂၀၀၀ိ/-) ကိုပါ ထည့်သွင်းတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(င) ပြည်ထောင်စုဝန်ကြီးနှင့် အခြားအဆင့်တူဖြစ်သည့်ပုဂ္ဂိုလ်များသည် အဆောင်အယောင်အဖြစ် ယာဉ်မောင်းများနှင့်တကွ မော်တော်ယာဉ်(၃)စီး၊ ကိုယ်ရေးအရာရှိ(၁)ဦး၊ အိမ်အကူ (၂)ဦး၊ ဥယျာဉ်လုပ်သား(၂)ဦး၊ အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ခွင့်၊ လုံခြုံရေး အစောင့်အရှောက်၊ ပြည်တွင်း အခမဲ့ဆေးကုသခွင့်၊ ရေ အခမဲ့သုံးစွဲခွင့်၊ လျှပ်စစ်ဓာတ်အားအခမဲ့ သုံးစွဲခွင့်၊ ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်တို့ကို ခံစားခွင့်ရရှိပြီး ဒုတိယဝန်ကြီးနှင့် အခြားအဆင့်တူဖြစ်သည့် ပုဂ္ဂိုလ်များသည် အဆောင်အယောင်အဖြစ် ယာဉ်မောင်းများနှင့်တကွ မော်တော်ယာဉ်(၃)စီး၊

ကိုယ်ရေးအရာရှိတစ်ဦး၊ အိမ်အကူ (၁)ဦး၊ ဥယျာဉ်လုပ်သား(၁)ဦး၊ အစိုးရနေအိမ်တွင် အခမဲ့နေထိုင်ခွင့်၊ လုံခြုံရေးအစောင့်အရှောက်၊ ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊ ရေ အခမဲ့သုံးစွဲခွင့်၊ လျှပ်စစ်ဓာတ်အား အခမဲ့သုံးစွဲခွင့်၊ ပြည်တွင်း ခေါ်ဆိုမှုအတွက် တယ်လီဖုန်း အခမဲ့သုံးစွဲခွင့်တို့ကိုပါ ခံစားခွင့်ရရှိပါသည်။

(စ) ဥပဒေပြုရေးကဏ္ဍရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေများသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍမှ ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေများနှင့် နှိုင်းယှဉ်ပါက များစွာကွာခြား လျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။ လွှတ်တော် ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေနှုန်းထားမှာ နိုင်ငံတကာစံနှုန်းများကို မဆိုထားဘဲ အိမ်နီးချင်းအာဆီယံနိုင်ငံများ၏ နှုန်းထားများနှင့် နှိုင်းယှဉ်လျှင် များစွာနိမ့်ကျလျက် ရှိပါသည်။ အခြားနိုင်ငံများတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဥပဒေပြု အမတ်များ၏ ချီးမြှင့်ငွေများသည် အဆများစွာ ကွာဟခြင်း မရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍများမှ ပုဂ္ဂိုလ်များအတွက် အဆောင်အယောင်ခံစားခွင့်များကိုပြဋ္ဌာန်းထားသော်လည်း လွှတ်တော်ကိုယ်စားလှယ်များ အတွက် အဆောင်အယောင်ခံစားခွင့်ကို လုံးဝပြဋ္ဌာန်း သတ်မှတ်ထားခြင်း မရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဆ) ယခုအခါ ဥပဒေတွင်ပြဋ္ဌာန်းသတ်မှတ်ထားသည့် ချီးမြှင့်ငွေ နှုန်းထားအတိုင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍမှ ခံစားမည်ဆိုသည်ကို နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် လျော်ညီမှုရှိ/မရှိ ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။ အထွေထွေလူနေမှုစရိတ်များ ကြီးမြှင့်လာခြင်းအတွက် မိသားစုအတွက် လုံလောက်သည့် ချီးမြှင့်ငွေပမာဏဖြစ်သင့်သော်လည်း နိုင်ငံ၏ လူတစ်ဦးချင်းဝင်ငွေနှင့် နှိုင်းယှဉ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယခုအချိန်တွင် လူတစ်ဦးချင်း၏ Per Capital Income မှာ ငွေကျပ် (၁၀)သိန်းခန့်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံကို ဦးဆောင်မှုပြုနေသူများ၏ ချီးမြှင့်ငွေနှင့် အဆောင်အယောင် ခံစားမှုများသည် သာမန်ပြည်သူများနှင့် အခြေခံဝန်ထမ်းများ၏ ဝင်ငွေနှုန်းထား၊ လူနေမှုအဆင့်အတန်းတို့နှင့် ကွာဟချက်ကြီးမားနေခြင်းကို ပြန်လည် သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ဇ) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေများသည် ကွာခြားချက်ကြီးမားစွာ မရှိသင့်ဘဲ ကဏ္ဍသုံးရပ်စလုံးအတွက် ဖြစ်နိုင်သမျှ ညီညွတ်မှုရှိအောင် ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်။ ဥပဒေပြုရေးကဏ္ဍမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တရားစီရင်ရေးကဏ္ဍမှ ပြည်ထောင်စုတရားသူကြီးချုပ်တို့၏ ခံစားခွင့်များသည် အုပ်ချုပ်ရေးကဏ္ဍမှ ဒုတိယသမ္မတများနှင့် အဆင့်တူညီမှုရှိသင့်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ခံစားခွင့်များသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများမှ ပုဂ္ဂိုလ်များ၏ ခံစားခွင့်များနှင့် အဆင့်တူညီမှုမရှိသည့်တိုင် ယခုကဲ့သို့ ကွာဟမှုမျိုးလည်း မဖြစ်သင့်ဟု သုံးသပ်ရရှိပါသည်။ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင် ပြဋ္ဌာန်းချက်များ

သည် အချိုးညီမျှပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများနှင့် လျော်ညီသည့်နှုန်းထား များဖြစ်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူတို့၏ လက်တွေ့ဘဝ အခြေအနေ များနှင့် လိုက်လျောညီညွတ်မှုရှိနိုင်ရန်အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင် ဥပဒေများကို ပြန်လည် သုံးသပ်ပြင်ဆင်သင့်သည်ဟု လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်ဥပဒေ (၅) ရပ်အပေါ် မျှတညီညွတ်မှုရှိခြင်း၊ ပြည်သူတို့၏ လူမှုဘဝအခြေအနေနှင့် ကွာဟလွန်းမှုမရှိခြင်း၊ ပြည်သူတစ်ဦးချင်း ဝင်ငွေနှင့် အချိုးညီမျှမှုရှိခြင်း၊ နိုင်ငံ စီးပွားရေး တိုးတက်မှုနှုန်းနှင့် လိုက်လျောညီထွေရှိခြင်းအစရှိသည့် လူမှုစီးပွားရေး အခြေခံအကြောင်း တရားများအပေါ်တွင် မူတည်လျက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်ရေး အတွက် အမျိုးသားလွှတ်တော်က သုံးသပ်ဆွေးနွေးဆောင်ရွက်နိုင်ပါရန် ပြန်လည်အစီရင်ခံတင်ပြအပ်ပါသည်။ ယင်းသို့သုံးသပ်ရာတွင် ဥပဒေပြုရေးကဏ္ဍမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် တရားစီရင်ရေးကဏ္ဍမှ ပြည်ထောင်စုတရားသူကြီးချုပ်တို့၏ ခံစားခွင့်များသည် အုပ်ချုပ်ရေးကဏ္ဍမှ ဒုတိယသမ္မတများနှင့် အဆင့်တူညီမှုရှိသင့်သည်ဆိုသည့် အချက်ကို အလေးအနက်ထားရှိကာ ဆွေးနွေးဆောင်ရွက်သင့်ပါကြောင်းကိုလည်း တင်ပြအပ်ပါသည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့က အဆိုပြုသည့် ဥပဒေကြမ်းအသီးသီး၌ ဝင်ငွေခွန်ကောက်ခံခြင်း မှကင်းလွတ်ခွင့်ကို ပယ်ဖျက်သည့် ပြဋ္ဌာန်းချက်ကို သဘောတူသင့်သော်လည်း အခြားခံစားခွင့်ပြုထားသော စရိတ်များအပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမပြုရဟု ဖြည့်စွက်အတည်ပြုသင့်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်တဲ့အခါမှာ ဥပဒေကြမ်း တစ်ခုချင်း တင်ဖို့လိုပါတယ်။ ပေါင်းတင်ဖို့မလိုဘူး။ နောက်ပိုင်းကျမှတင်ပါ။ အခုကတော့ ဆွေးနွေးမယ့်သူ ခေါ်လိုက်မယ်။ နောက်ပိုင်းကျတော့ ပေါင်းမတင်နဲ့ တစ်ခုချင်းတင်မယ်။ နောက် တစ်ခါတည်း ဆုံးဖြတ်လို့ရအောင် Definate ဘယ်အပိုဒ်၊ ဘယ်အပိုဒ် ဒီလိုလုပ်ပေးဖို့လိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုး ပြီး ၁၂-၃-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အမျိုးသားဆေးဝါး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၉-၁-၂၀၁၄ ရက်နေ့တွင် ကျန်းမာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၁၄-၂-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည် ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၂-၃-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၂)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၂း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]